# Workplace Justice ဗီဇာအကြောင်းကို စုံစမ်းမေးမြန်းပါ

**Workplace Justice** ဗီဇာသည် အချို့သော ယာယီဗီဇာ ကိုင်ဆောင်ထားသူများ သို့မဟုတ် မကြာသေးမီက ယာယီဗီဇာ ကိုင်ဆောင်ထားသူများ အလုပ်ခွင်တွင် မိမိတို့၏ အခွင့်အရေးများကို မတရားယူခံခဲ့ကြရပါက ၎င်းတို့အနေနှင့် တရားဥပဒေအရ အရေးယူနိုင်ရန် ဩစတြေးလျားတွင် နေထိုင်ခွင့်ပြုသည့် ယာယီဗီဇာဖြစ်သည်။

**Workplace Justice** ဗီဇာကိုရရှိရန် သင်သည် အလုပ်လုပ်ကိုင်ခွင့်ရှိသော ယာယီဗီဇာကို ကိုင်ဆောင်ထားရမည် သို့မဟုတ် ကိုင်ဆောင်ထားခဲ့ရဖူးမည်။

**Workplace Justice** ဗီဇာလျှောက်ထားရန် အခကြေးငွေ ပေးဆောင်ရန် **မလိုအပ်ပါ။**

## သင်သည် အရည်အချင်းပြည့်မီနိုင်မည်မှာ အကယ်၍၊

- ဩစတြေးလျားတွင် ရှိနေရမည်ဖြစ်ပြီး၊
    - (**Bridging** ယာယီဗီဇာ၊ **Criminal Justice** သို့မဟုတ် **Enforcement** ပြစ်မှုကျူးလွန်မှု ဆိုင်ရာ ဗီဇာများမှလွဲကာ) **28** ရက် သို့မဟုတ် ထိုအောက်နည်း၍ သက်တမ်းကုန်ဆုံးမည့် အလုပ်လုပ်ကိုင်ခွင့်ရှိသော ယာယီဗီဇာကို ကိုင်ဆောင်ထားရမည်၊ <u>သို့မဟုတ်</u>
    - (**Bridging** ယာယီဗီဇာ၊ **Criminal Justice** သို့မဟုတ် **Enforcement** ဆိုင်ရာ ဗီဇာများမှလွဲကာ) **28** ရက်ထက် မပိုဘဲ သက်တမ်းကုန်ဆုံးသွားသည့် အလုပ်လုပ်ကိုင်ခွင့်ရှိသော ယာယီဗီဇာကို ကိုင်ဆောင်ထားရမည်။
- အလုပ်ခွင်တွင် သင်၏ အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကိစ္စကို အသိအမှတ်ပြု လက်မှတ်ရ ထောက်ခံပေးရေး အဖွဲ့အစည်းတစ်ခုခုက ဟုတ်မှန်ကြောင်း ထောက်ခံပေးခိုင်းပါ။ (အောက်ပါစာရင်းတွင်ကြည့်ပါ)။
- ဩစတြေးလျားတွင် သင်၏ နေထိုင်ကုန်ကျစရိတ်များကို ကာမိရန် ကျန်းမာရေး အာမခံနှင့် ငွေအလုံလောက်ရှိရမည်။
- ဩစတြေးလျားတွင် ယာယီကာလတစ်ခုကြာအတွက် နေထိုင်ရန် ရည်ရွယ်ထားရမည်။
- ကျန်းမာရေးနှင့် အကျင့်စာရိတ္တဆိုင်ရာ အချို့စံတန်ဖိုးများနှင့် ကိုက်ညီမှုရှိရမည်။

## အကယ်၍ သင်သည် Workplace Justice ဗီဇာအတွက် အရည်အချင်းပြည့်မီမည်မဟုတ်ပါ။

- အကယ်၍ သင် ဗီဇာ ငြင်းပယ်ခံခဲ့ရဖူးခြင်း သို့မဟုတ် ဖျက်သိမ်းခံခဲ့ရဖူးခြင်းရှိပါက သင်သည် **Workplace Justice** ဗီဇာရရန်အတွက် အရည်အချင်းပြည့်မီမည်မဟုတ်ပါ။
- အလုပ်လုပ်ကိုင်ခွင့်ရှိသော ယာယီဗီဇာကို **28** ရက်ထက်ကျော်၍ မကိုင်ဆောင်ထားခဲ့ပြီး လက်ရှိတွင် **Bridging** ဗီဇာ၊ **Criminal Justice** ဗီဇာ၊ **Enforcement** ဗီဇာ၊ သို့မဟုတ် တရားမဝင် နေနေပါက **Workplace Justice** ဗီဇာရရန်အတွက် အရည်အချင်းပြည့်မီ လိမ့်မည် <u>မဟုတ်ပါ</u>။

## အကယ်၍ အောက်ပါများဖြစ်ခဲ့လျှင် သင့်မှာ အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းအမှုကိစ္စရှိနိုင်သည်။



သင့်လစာကို မှန်ကန်စွာ (သို့မဟုတ် လုံး၀) မပေးခဲ့လျှင်၊



အလုပ်တစ်ခုရဖို့ ငွေပေးရန် ဖိအားပေးခံခဲ့ရလျှင်၊



ဘေးအန္တရာယ် မကင်းသော အခြေအနေများတွင် သင် အလုပ်လုပ်ခဲ့လျှင်၊




သင်သည် လိင်ပိုင်းအရ နှောင့်ယှက်ခံခဲ့ရလျှင်၊



သင့်အလုပ်ရှင်က သင်၏ဗီဇာကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်ခဲ့လျှင်၊



သင့်အား မတရား အလုပ်ထုတ်ပစ်ခဲ့လျှင်၊




သင်သည် ဝန်ထမ်းတစ်ဦး ဖြစ်သင့်ပါလျက် သင့်အား **ABN** ကို အဓမ္မ ယူခိုင်းခဲ့လျှင်တို့ဖြစ်သည်။

## ကျွန်ုပ် Workplace Justice ဗီဇာ လျှောက်ထားချင်သည်၊ ကျွန်ုပ် ဘာလုပ်သင့်သနည်း။

သင် Workplace Justice ဗီဇာကို မလျှောက်ထားမီ လုပ်ခလစာဦးကြိုးကြပ်ရေး နှင့် အလုပ်အကိုင်ဖြင့် သက်ဆိုင်သော ဥပဒေရေးရာ အကြံဉာဏ်ကို ရယူရန် အရေးကြီးပါသည်။

### အဆင့် 1။

လုပ်ခလစာဦးကြိုးကြပ်ရေးဥပဒေဆိုင်ရာ အကြံဉာဏ်ကို သင် ရယူသင့်သည်။ လုပ်ခလစာဦးကြိုးကြပ်ရေးဥပဒေကို အထူးပြု နားလည်သည့် လူမှုအသိုင်းအဝိုင်း ဥပဒေရေးရာဌာန၊ အလုပ်သမား သမဂ္ဂ (၎င်းတို့၏ လုပ်ခလစာဦးကြိုးကြပ်ရေး ဥပဒေရေးရာ ဝန်ဆောင်မှုအဖွဲ့အစည်းသို့ ရည်ညွှန်းပေးခိုင်းပါ) သို့မဟုတ် ပုဂ္ဂလိက ရွှေ့ပြောင်းလာ နေထိုင်သူများဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် ရှေ့နေအား သင် ဆက်သွယ်နိုင်ပါသည်။

### အဆင့် 2။

၎င်းတို့က သင် **Workplace Justice** ဗီဇာအတွက် အရည်အချင်းပြည့်မီနိုင်သည်ဟု အတည်ပြုပါက၊ အလုပ်အကိုင် ဥပဒေရေးရာ အကြံဉာဏ်ကို ပေးစွမ်းနိုင်သော အဖွဲ့အစည်းနှင့် သင့်အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရသည့်ကိစ္စကို ဟုတ်မှန်ကြောင်း ထောက်ခံပေးနိုင်သည့် အဖွဲ့အစည်းကို သင် ဆက်သွယ်သင့်သည်။

**အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် သင့်အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရသည့်ကိစ္စ ဟုတ်မှန်ကြောင်းကို ထောက်ခံပေးနိုင်သည်။**

- Fair Work Ombudsman
- Australian Rail, Tram and Bus Industry Union
- Australian Workers' Union
- Australasian Meat Industry Employees' Union
- Electrical Trades Union of Australia
- Human Rights Law Centre
- Migrant Workers Centre
- Redfern Legal Centre
- SA Unions
- Shop, Distributive and Allied Employees' Association
- Unions Tasmania
- The Association of Professional Engineers, Scientists and Managers
- UnionsACT
- Transport Workers' Union of Australia
- Unions NSW
- UnionsWA
- United Workers Union
- WEstjustice

Queensland Migrant WorkWise

This material was developed with funding from the Australian Government

Workplace Justice ဗီဇာအကြောင်းကို ပိုမိုသိရှိရန် ဤနေရာတွင် လေ့လာပါ

qldmigrantworkwise.com

### အဆင့် 3။

ထောက်ခံချက်ကို သင် ရရှိပြီးနောက် သင့်လျှောက်လွှာကို ကူညီဆောင်ရွက်ပေးရန်အတွက် ရွှေ့ပြောင်းလာ နေထိုင်သူများဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် ရှေ့နေအား ဆက်သွယ်သင့်သည်။ သင်သည် **Workplace Justice** ဗီဇာကို သင်၏ **ImmiAccount** မှတဆင့်လည်း လျှောက်ထားနိုင်ပါသည်။ **Workplace Justice Pilot** (တရားဥပဒေအရ အရေးယူနိုင်ရန် ယာယီနေထိုင်ခွင့်ဗီဇာ အစမ်းစနစ်) အရ၊ အမျိုးအစားခွဲ **408** ဗီဇာကို လျှောက်ထားရန် လိုအပ်ပြီး သင်၏လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို တင်ပြရပါမည်။

- သင့် အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရသည့် ကိစ္စအတွက် ထောက်ခံစာ (သင့် အခွင့်အရေးများ မတရားယူခံခဲ့ရသည့်ကိစ္စမှာ ဟုတ်မှန်ကြောင်းကို ထောက်ခံပေးနိုင်သော အဖွဲ့အစည်းများ၏စာရင်းကို **အထက်ပါ**၌ကြည့်ပါ)။
- သင့်တွင် ဩစတြေးလျားမှာ နေထိုင်ကုန်ကျစရိတ်များ အလုံအလောက်ရှိသော အထောက်အထား
- သင့်တွင် သင့်လျော်သော ကျန်းမာရေး အာမခံရှိသည့် အထောက်အထား

# အလုပ်ခွင်မှာ အခွင့်အရေးများ မတရားယူခံခဲ့ရသလား။

**တရားဥပဒေအရ အရေးယူရန် သင်သည် သဗြစတြေးလျားတွင် နေနိုင်ဖွယ်ရှိမည်**

# WORKPLACE JUSTICE ဗီဇာအကြောင်းကို စုံစမ်းမေးမြန်းပါ

Queensland Migrant WorkWise

